# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၁) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ။ | ၂-၃ |
| ၂။ | ခေတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကိုအရေးကြီးဝန်ဆောင်မှုအဖြစ်သတ်မှတ်သည့်အမိန့်နှင့်အမိန့်ထုတ်ပြန်နိုင်ခွင့်အပ်နှင်းခြင်းအမိန့်ကြော်ငြာစာတို့နှင့်စပ်လျဉ်းသည့်သတင်းစဉ်။ | ၄ |
| ၃။ | ဥပဒေမူကြမ်းရေးဆွဲရာတွင် သိထားသင့်သောရေးထုံးရေးနည်း။ | ၅-၇ |
| ၄။ | အိန္ဒိယတရားရုံးချုပ်က အကျဉ်းထောင်များတွင် အမျိုးဇာတ်အပေါ်အခြေခံ၍ အလုပ်များခိုင်းစေခြင်းကိုဆန့်ကျင်ကြောင်း အမိန့်ချမှတ်ခြင်း။ | ၈-၉ |
| ၅။ | စက်သုံးဆီဈေးပြင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုစရိတ်များနှင့် ဒေသတွင်းငွေကြေးတန်ဖိုးတို့အပေါ် သက်ရောက်မှုများကြောင့် ထိုင်းနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများတွင် စိုးရိမ်ဖွယ်ရာအခြေအနေများဖြစ်လာခြင်း။ | ၁၀-၁၃ |
| ၆။ | ကနေဒါနိုင်ငံ၏ အမြင့်ဆုံးတရားရုံးမှ ပေါ့ဆမှုကြောင့် လူသေစေမှု သို့မဟုတ် ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှုများတွင် တရားသူကြီးများ၏ဆုံးဖြတ်ပိုင်ခွင့်အာဏာအပေါ် ပြန်လည်သုံးသပ်ခြင်း။ | ၁၄-၁၅ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၁)　　　　၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေသတင်းအချက်အလက်များ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှထုတ်ပြန်သည့် ထိန်းချုပ်ဓါတုပစ္စည်းကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်းတွင်သယ်ဆောင်ခြင်း၊သိုလှောင်ခြင်းနှင့်ဖြန့်ဖြူးခြင်းဆိုင်ရာစံသတ်မှတ်ချက်များအမိန့်ကြော်ငြာစာ၊ မူပိုင်ခွင့်အေဂျင်စီမှ ထုတ်ပြန်သည့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့် လျှောက်ထားခြင်း၊ တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအခကြေးငွေသတ်မှတ်ခြင်းအမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

မူပိုင်ခွင့်အေဂျင်စီသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေပုဒ်မ ၁၁၉(ဂ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်း၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ်မှတ်ပုံတင်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအခကြေးငွေသတ်မှတ်ခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၂/ ၂၀၂၄) ဖြင့် ၂၂-၁၀-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီသည် တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၈(ဠ) အရ ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှုမူပိုင်ခွင့်လျှောက်ထားခြင်း၊ တီထွင်မှုမူပိုင်ခွင့်အကျိုးဆောင်ကိုယ်စားလှယ် မှတ်ပုံတင်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့်အခကြေးငွေကို သတ်မှတ်ခဲ့ပါသည်။

ထိုအမိန့်ကြော်ငြာစာတွင် ဝန်ဆောင်မှုအမျိုးအစားအလိုက်ပေးသွင်းရမည့်အခကြေးငွေများကို စဉ် (၁) မှ (၂၃) ထိ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို အသေးစိတ်စစ်ဆေးပေးရန်တောင်းဆိုခြင်း (PT-8)ကို လက်ခံစစ်ဆေးခြင်းဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်ပတီထွင်မှုမူပိုင်ခွင့်ရုံး တစ်ရုံးရုံးသို့ ပေးပို့စစ်ဆေးရန်လိုအပ်လျှင် အဆိုပါမူပိုင်ခွင့်ရုံးက သတ်မှတ်သည့်အခကြေးငွေနှုန်းထားအတိုင်း ပေးဆောင်ရမည်ဟု သိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်သည့် အမိန့်နှင့် အမိန့်ထုတ်ပြန်နိုင်ခွင့်အပ်နှင်းခြင်းအမိန့်ကြော်ငြာစာတို့နှင့် စပ်လျဉ်းသည့်သတင်းစဉ်

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလိုဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား အပ်နှင်းလိုက်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်ထုတ်ပြန်နိုင်ခွင့်ကိုကျင့်သုံး၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် (၀၃၈/၂၀၂၄)ဖြင့် ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် : သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဝန်ကြီးဌာန

## ဥပဒေမူကြမ်းရေးဆွဲရာတွင် သိထားသင့်သောရေးထုံးရေးနည်း

ဥပဒေမူကြမ်းရေးဆွဲသူများသည် ဥပဒေတစ်ရပ်ကိုရေးဆွဲရာတွင် နှစ်ပေါင်းကြာရှည်တည်တံ့စွာ ကျင့်သုံးအကောင်အထည်ဖော်နိုင်ရန်ရည်မှန်း၍ရေးဆွဲရန် လိုအပ်ပါသည်။ ထို့ပြင် ဥပဒေပါပြဋ္ဌာန်းချက်များသည် အများပြည်သူအလွယ်တကူဖတ်ရှုနားလည်နိုင်ရန် တိကျရှင်းလင်းစွာရေးသားရန်လိုအပ်ပါသည်။ ထိုသို့ရေးသားရာတွင် သဒ္ဒါမှန်ကန်ရန်၊ စကားလုံးရွေးချယ်မှု မှန်ကန်ရန်နှင့် ရှေ့နောက်ချိတ်ဆက်မှု ရှိစေရန်လိုအပ်သကဲ့သို့ ပုဒ်ရပ်၊ ပုဒ်ဖြတ်များ မှန်ကန်စွာဖော်ပြရန်လည်း လိုအပ်ပါသည်။ သို့မှသာ ဥပဒေကို လက်တွေ့ကျင့်သုံးဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသောဥပဒေများတွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေနှင့်မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေဟူ၍ ရှိပါသည်။

ဥပဒေ(မူကြမ်း)ရေးဆွဲရာတွင်ဖြစ်စေ၊ ဥပဒေကိုပြင်ဆင်ရာတွင်ဖြစ်စေ ရေးထုံးရေးနည်းပိုင်းနှင့် စပ်လျဉ်း၍ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေတွင် ဝါကျများကိုခွဲခြားရန်နှင့် အဓိပ္ပာယ်ကို ရှင်းလင်းစေရန်အတွက်အသုံးပြုသော ပုဒ်ရပ်၊ ပုဒ်ဖြတ်သင်္ကေတများ Use of Punctuation Marks အသုံးပြုပုံကို https://www.linkedin.com/pulse/legislative-drafting-onyekachi-duru-esq/တွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

Use of Punctuation Marks in Legislative Drafting

Full stop (.): This ends a statement; except where it is in the form of exclamation or question, in which case exclamation mark or question mark will be used. It can also be used at the end of an abbreviated word, example Dr.

Column (:): This is used to introduce a list.

Semi-column (;): This is used to separate related sentences. It is inserted instead of using a conjunctive word like ‘and’.

Comma (,): This is used to separate one group of words from another. The proper use of comma gives the sentence clarity.

Question mark (?): This is used immediately after a direct question and not an indirect question.

Quotation marks (“”): This is used to enclose exact words spoken by a person or enclose words when drafting the definition section, example, “woman” means.

Exclamation mark (!): This is used to convey an exclamation.

Bracket (): This is used to enclose after thoughts. It is as well used after figures in documents. There are two types of brackets: rounded bracket and the square brackets. There is no difference between the two, but the convention is to use the square bracket in the ‘Commencement’ in legislative drafting.

The apostrophe (‘): This is placed before the ‘s’, to show possession; example Governor’s Office.

မြန်မာဘာသာဖြင့်ပြဋ္ဌာန်းသောဥပဒေများတွင် ဝါကျများကိုခွဲခြားရန်နှင့် အဓိပ္ပာယ်ကိုရှင်းလင်းစေရန်အတွက် စာရေးရာတွင် အသုံးပြုသောပုဒ်ရပ်၊ ပုဒ်ဖြတ်သင်္ကေတများကိုသုံးနှုန်းကြောင်း တွေ့ရှိရပါသည်။

ဥပဒေစာသားတွင် ပုဒ်ကလေး “ ၊ ” ၊ ပုဒ်မ “ ။ ” ၊ ကွင်းစကွင်းပိတ် “ () ” ၊ မျဉ်းတို “ – ” တို့ကို လိုအပ်သလို ရေးသားနိုင်သော်လည်း အာမေဋိတ်လက္ခဏာ “!” နှင့် အမေးလက္ခဏာ “?” တို့ကို အသုံးမပြုရပါ။ ပုဒ်ကလေး “ ၊ ” ကို ပုဒ်ဖြတ် ဟုလည်းကောင်း၊ ပုဒ်မ “။” ကိုပုဒ်ရပ်ဟု လည်းကောင်း ခေါ်ဝေါ်သည်ကို တွေ့ရှိရပါသည်။

ဥပဒေပုဒ်မ စာပိုဒ်တွင်ဖြစ်စေ၊ ပုဒ်မ စာပိုဒ်ခွဲတွင်ဖြစ်စေ “ဖြစ်သည်” “ရမည်” “နိုင်သည်” “မပြုရ” ဆိုသည့်ဝါကျဆုံးလျှင် ပုဒ်မ “ ။ ” ကို ရေးသားရပါသည်။

ဥပဒေပုဒ်မခွဲများတွင် “ ရန် ”သို့မဟုတ်“ခြင်း” ဖြင့်ဆုံးသည့်စာကြောင်းများတွင် ဝါကျမဆုံးသေးသဖြင့် ပုဒ်ကလေး သို့မဟုတ် ပုဒ်ဖြတ်“ ၊ ”ကိုသုံးပြီး နောက်ဆုံးပုဒ်မခွဲသည် ဝါကျဆုံးသဖြင့် နောက်ဆုံးပုဒ်မခွဲ၌ ပုဒ်မ “ ။ ” ကိုသုံးကြောင်း သိရှိရပါသည်။

ထို့ပြင် ဥပဒေတစ်ရပ်ကို ပြင်ဆင်သည့်ဥပဒေများတွင် မျက်တောင်အဖွင့်အပိတ်[ “ ‐ ” ] ကိုသုံးပြီး အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသောဥပဒေများတွင်လည်း အသုံးပြုသည်ကို သိရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၄၁) ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၄ ရက်

## အိန္ဒိယတရားရုံးချုပ်က အကျဉ်းထောင်များတွင် အမျိုးဇာတ်အပေါ်အခြေခံ၍ အလုပ်များ ခိုင်းစေခြင်းကိုဆန့်ကျင်ကြောင်း အမိန့်ချမှတ်ခြင်း

အိန္ဒိယနိုင်ငံရှိ အကျဉ်းထောင်များတွင် အကျဉ်းသားများကို အမျိုးဇာတ်ကိုလိုက်၍ ခွဲခြား ဆက်ဆံခြင်း၊ဆင်းရဲနွမ်းပါးသောအကျဉ်းသားများကို "ညစ်ညမ်းသောအလုပ်များ" ခိုင်းစေခြင်းအပြင် အစေခံများ လုပ်ဆောင်ရသည့်နိမ့်ပါးသောအလုပ်များကို ခိုင်းစေခြင်းတို့ပြုလုပ်ကြကြောင်း တွေ့ရှိရ သည်။ ယင်းသို့အကျဉ်းထောင်များတွင် အမျိုးဇာတ်ခွဲခြားခိုင်းစေခြင်းနှင့်စပ်လျဉ်း၍ သတင်းထောက် Sukanya Shantha သည် အိန္ဒိယအကျဉ်းထောင်များတွင် အမျိုးဇာတ်အပေါ်အခြေခံ၍ ခွဲခြားမှုနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာစုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို ထုတ်ပြန်ခဲ့ရာ အဆိုပါအစီရင်ခံစာအရ အကျဉ်းထောင်အရာရှိများသည် အမျိုးဇာတ်မြင့်သူများကို သန့်ရှင်းသောအလုပ်များကိုစေခိုင်းပြီး အမျိုးဇာတ်နိမ့်သူများကို ညစ်ညမ်းသောအလုပ်များခိုင်းစေကြောင်း အဓိကမီးမောင်းထိုးဖော်ပြထား သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် သတင်းထောက် Sukanya Shantha သည် ပြည်နယ်များရှိ အကျဉ်းထောင်လက်စွဲများပါပြဋ္ဌာန်းချက်များကို ပြန်လည်ရုပ်သိမ်းပေးရန် တရားရုံးသို့လည်း အသနားခံလွှာတင်သွင်းခဲ့ပါသည်။

အဆိုပါလျှောက်ထားမှုကို စစ်ဆေးကြားနာပြီးနောက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့တွင် အိန္ဒိယတရားသူကြီးချုပ်ဦးဆောင်သောတရားသူကြီးအဖွဲ့သည် ဆင်းရဲနွမ်းပါးသော လူမှုအသိုင်း အဝိုင်းမှအကျဉ်းသားများအား မသန့်ရှင်းသောအလုပ်အပါအဝင် ဇာတ်ကိုအခြေခံ၍ ခွဲခြားဆက်ဆံ ခြင်းမပြုသင့်ကြောင်း၊ ထိုသို့ဇာတ်အနိမ့်အမြင့်အလိုက်ခိုင်းစေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့်အပြင် အမျိုးဇာတ်ခွဲခြားခြင်းသည် ရန်ငြိုးဖွဲ့မှုကိုသာဖြစ်စေမည်ဟု သုံးသပ်ရရှိ ကြောင်း ပြောကြားခဲ့ပါသည်။ သို့ပါ၍ အဆိုပါတရားရုံးမှ ပြည်နယ်နှင့်ပြည်ထောင်စုနယ်မြေအားလုံးရှိ အကျဉ်းထောင်များတွင် ဇာတ်အနိမ့်အမြင့်အပေါ်အခြေခံ၍ လုပ်ငန်းတာဝန်များခိုင်းစေခြင်းကို အဆုံးသတ်နိုင်ရေးအတွက် အကျဉ်းထောင်လက်စွဲများကို ပြန်လည်ပြင်ဆင်ရန်နှင့် စံနမူနာပြ အကျဉ်းထောင်နည်းဥပဒေများကို ပြင်ဆင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

အိန္ဒိယနိုင်ငံတွင် အမျိုးဇာတ်ခွဲခြားဆက်ဆံမှုသည် နိုင်ငံရေးဆန်ပြီး ထိလွယ်ရှလွယ်သော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄ တွင် နိုင်ငံတော်သည် ဥပဒေ၏ရှေ့မှောက်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ တန်းတူညီမျှမှု သို့မဟုတ် အိန္ဒိယနိုင်ငံရှိ နယ်မြေနယ်နိမိတ်အတွင်း ဥပဒေများ၏တန်းတူညီမျှကာကွယ်မှုကို ငြင်းပယ်ခြင်းမပြုရဟုလည်းကောင်း၊ ပုဒ်မ ၁၅ တွင် နိုင်ငံတော်သည် မည်သည့်ဘာသာဝင်၊ လူမျိုး၊ ဇာတ်၊ လိင်၊ မွေးရပ်မြေ သို့မဟုတ် မည်သည့်လူမျိုးကိုမဆို ခွဲခြားဆက်ဆံခြင်းမပြုရဟုလည်းကောင်း တားမြစ်ထားသည်။ ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးဇာတ်ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသော်လည်း အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

- https://www.dw.com/en/india-top-court-rules-against-caste-based-tasks-in prisons/a70409131#:~:text=As%20part%20of%20Thursday's%20ruling,was%20against%20fundamental%20human%20dignity.
- https://cjp.org.in/caste-based-prison-work-is-authoritarian-colonial-said-sc-striking-down-discriminatory-state-prison-manuals/

## စက်သုံးဆီဈေး၊ ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်မှုစရိတ်များနှင့်ဒေသတွင်း ငွေကြေးတန်ဖိုးတို့အပေါ် သက်ရောက်မှုများကြောင့် ထိုင်းနိုင်ငံ၏စီးပွားရေးလုပ်ငန်းများတွင် စိုးရိမ်ဖွယ်ရာအခြေအနေများ ဖြစ်လာခြင်း

ပြည်တွင်းစီးပွားရေးရပ်တန့်နေမှု၊ အရှေ့အလယ်ပိုင်းဒေသတွင် ပထဝီနိုင်ငံရေးဆိုင်ရာ အားပြိုင်မှုများသည် ပြီးဆုံးဟန်မရှိသော တစ်နှစ်ကျော်ကြာမြင့်နေပြီဖြစ်သည့်အစ္စရေးနှင့်ဟားမတ်စ် တို့အကြားစစ်ပွဲကြောင့် ထိုင်းနိုင်ငံ၏ပုဂ္ဂလိကအခန်းကဏ္ဍကို ကြီးမားစွာ ထိခိုက်မှုဖြစ်ပေါ်လာနိုင်သည့် အရေးပါသောအကြောင်းအရင်းတစ်ရပ်ဖြစ်ပါသည်။

အရှေ့အလယ်ပိုင်းဒေသပင်လယ်နီရေလက်ကြားတွင် ဟူသီအဖွဲ့၏ လက်နက်ကိုင်ခါးပြတိုက်မှု များကြောင့် ပင်လယ်ရေကြောင်းကိုအဓိကထား၍ ကုန်သွယ်မှုပြုလုပ်နေသောနိုင်ငံများအနေဖြင့် အကြပ်အတည်းများဖြင့် ရင်ဆိုင်နေရလျက်ရှိပါသည်။ ဟူသီအဖွဲ့သည် ယီမင်အစိုးရကို ဆန့်ကျင်လျက် ပင်လယ်နီရေလက်ကြားတွင် အစ္စရေးနှင့်ဆက်နွယ်သည့်သင်္ဘောများကို ဦးတည်တိုက်ခိုက်လျက် ရှိသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ထိုင်းနိုင်ငံစက်မှုကဏ္ဍရှိခေါင်းဆောင်များက အဆိုပါပဋိပက္ခများသည် ပင်လယ်ရေကြောင်း ကူးသန်းရောင်းဝယ်ရေးတွင် စက်သုံးဆီဈေးနှုန်းမြင့်တက်ခြင်းမှစ၍ ငွေကြေးဖောင်းပွမှုများအထိ ဖြစ်ပေါ်နိုင်ခြင်း၊ အမေရိကန်နိုင်ငံကဲ့သို့သော နိုင်ငံများ၏အတိုးနှုန်းထားမြှင့်တင်ရန် ဖိအားပေးခြင်း တို့ကြောင့် ထိုင်းနိုင်ငံငွေကြေးအပေါ် သက်ရောက်မှုများဖြစ်လာမည်ကို သတိပေးမှုများပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယင်းပဋိပက္ခများကြောင့် ထိုင်းနိုင်ငံအနေဖြင့် စက်သုံးဆီဈေးမြင့်တက်ခြင်း၊ ပင်လယ်ရေကြောင်းကူးသန်းရောင်းဝယ်ရေးတွင် အခက်အခဲများနှင့်ရင်ဆိုင်ရခြင်း၊ ငွေကြေးဖောင်းပွမှု ဆိုင်ရာစိန်ခေါ်မှုများ၊ ခရီးသွားလုပ်ငန်းများတွင် အနှောင့်အယှက်ဖြစ်ခြင်းစသည့်စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း ကျွမ်းကျင်ပညာရှင်များက သုံးသပ်ပြောဆိုနေကြသည်ကို တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံ၏စွမ်းအင်ကဏ္ဍရှိ ဒုတိယအမြဲတမ်းအတွင်းဝန် မစ္စတာ Veerapat Kiarfuengfoo က ဟူသီအဖွဲ့၏အစ္စရေးအပေါ် ပစ်ခတ်တိုက်ခိုက်မှုများနှင့်အစ္စရေး၏ကာလရှည်ကြာစစ်ရေးဆောင်ရွက်မှုများဆက်လက်အရှိန်မြင့်တက်နေမည်ဆိုပါက ကမ္ဘာ့စက်သုံးဆီဈေးနှုန်းဆက်လက်၍ တစ်ရှိန်ထိုးမြင့်တက်နေမည်ဖြစ်ကြောင်း ခန့်မှန်းရပြီး ထိုင်းနိုင်ငံသို့ စက်သုံးဆီတင်ပို့သူအနေဖြင့် အဆိုပါသက်ရောက်မှုများအပေါ် ကျော်လွှားနိုင်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထိုင်းနိုင်ငံ၏စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတွင်စက်သုံးဆီဈေးမြင့်တက်မှုကို ကာကွယ်ရန်အတွက် စက်သုံးဆီဆိုင်ရာရန်ပုံငွေကိုထူထောင်ထားရှိကာ အဆိုပါရန်ပုံငွေကိုအသုံးပြု၍ ထိန်းညှိဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ၏ပဋိပက္ခများသည် စက်သုံးဆီရောင်းချမှုအပေါ် အတားအဆီးများဆက်လက်ဖြစ်ပေါ်နေပါက ထိုင်းနိုင်ငံအစိုးရဌာနများအနေဖြင့် ပြည်တွင်းဈေးကွက်ကိုထိန်းညှိပေးခြင်းနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ကြီးမားသောသက်ရောက်မှုများဖြစ်ပေါ်ခြင်းကို ကာကွယ်ခြင်းတို့ ဆက်လက် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Federation of Thai Industries (FTI) ၏ ဥက္ကဋ္ဌ ဖြစ်သူ Mr. Kriengkrai Thiennukul က အဆိုပါပင်လယ်ရေကြောင်းနေရာသည် ကမ္ဘာ့စီးပွားရေးတွင် အဓိကအချက်အချာကျသောနေရာဒေသများဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၁၂%နှင့်အထက်သည် နှစ်စဉ်ပင်လယ်နီကိုဖြတ်၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ခများသည် အစောပိုင်းကာလများ၌ ကွန်တိန်နာတစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၈၀၀၀၊ ၉၀၀၀ ကျသင့်နေသဖြင့် စိုးရိမ်ပူပန်နေရကြောင်း နှင့် ဒေါ်လာ ၂၀၀၀ ထိလျှော့ချနိုင်ရန်လိုအပ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ Asia Plus Securities (ASPS) မှ အစ္စရေးမှ အီရန်၏ရေနံနှင့် စက်သုံးဆီထုတ်လုပ်မှုများကို တိုက်ခိုက်ရန်ဆုံးဖြတ်ပါက စက်သုံးဆီဈေးနှုန်းဆက်လက်မြင့်တက်လာမည်ဖြစ်ပြီး ယင်းနှင့်တစ်ပြိုင်နက် ကမ္ဘာ့ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်မားလာနိုင်ကြောင်း၊ ကမ္ဘာ့ဒေါ်လာဈေးမြင့်တက်လာသည်နှင့်အမျှ ထိုင်းဘတ်ငွေဈေးလည်း အင်အားလျော့နည်းလျက် ငွေကြေးဖောင်းပွမှုများဖြစ်ပေါ်လာနိုင်ကြောင်း သုံးသပ်ပြောဆိုခဲ့သည်ကို တွေ့ရှိပါသည်။ထို့ပြင် ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင်လည်း အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့်

ထိုင်းနိုင်ငံ၏ Foreign market ကိုလည်းထိခိုက်မှုများဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိရပါသည်။ အစ္စရေးမှ တိုက်ခိုက်မှုများပြုလုပ်ပြီးနောက် အီရန်နိုင်ငံမှ ၎င်းတို့၏လေပိုင်နက်တွင်စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသဖြင့် အဆိုပါလမ်းကြောင်းဧရိယာကိုရှောင်ရှား၍ သွားလာရသောကြောင့် ခရီးသွား ချိန်ကြာမြင့်ကာ လေယာဉ်ဆီဈေးမြင့်တက်မှုတို့ကြောင့် လေယာဉ်ခရီးစရိတ်များ ပိုမိုမြင့်မား လာပါသည်။ထိုင်းနိုင်ငံသည် ခရီးသွားရန်အန္တရာယ်ကင်းသောနေရာအဖြစ်သတ်မှတ်ထားပြီး အာရေဗီယမ် ခရီးသွားများသည် ဆေးဝါးကုသမှုဝန်ဆောင်မှုအတွက် ထိုင်းနိုင်ငံသို့ပုံမှန် လာရောက်လည်ပတ် လျက်ရှိသဖြင့်အဆိုပါပဋိပက္ခများသည် ထိုင်းနိုင်ငံသို့ခရီးသည်ဝင်ရောက်မှုအပေါ် သက်ရောက်မှုများ ရှိလာနိုင်ကြောင်း ဖော်ပြထားပါသည်။

Mr. Kriengkrai Thiennukul က ကုန်စည်သယ်ယူပို့ဆောင်ရေးဆောင်ရွက်နေသူများအနေ ဖြင့် Europe နှင့် Asia ဒေသများသို့တိုက်ရိုက်ရထားဖြင့် ပို့ဆောင်ခြင်းကဲ့သို့သောသယ်ယူပို့ဆောင်ရေး လမ်းကြောင်းသစ်ကိုရှာဖွေရန်လိုအပ်ကြောင်း၊ ပင်လယ်ရေကြောင်းပို့ဆောင်ရေးကို မှီခိုမနေဘဲ Europe နှင့် Asia ဒေသများနှင့် ချိတ်ဆက်ထားသော Chinese Railway Express ဖြင့် ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကိုခွင့်ပြုပေးခြင်းဖြင့် သွင်းကုန်တင်သွင်းသူများသည်ကုန်စည်များကို ကောင်းမွန်စွာ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ဘေကျင်းနှင့်အဆိုပါဝန်ဆောင်မှုအတွက် ဆွေးနွေး နိုင်မည်ဆိုပါက ရထားလမ်းဖြင့် သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်သည် ရေယာဉ်ဖြင့်ပို့ဆောင်သည့် ကုန်ကျစရိတ်ထက် ၅၀% လျှော့ချနိုင်မည်ဖြစ်ကြောင်း အကြံပြုခဲ့သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံများသို့ ကုန်စည်တင်ပို့နေသောနိုင်ငံများအနေဖြင့် ပင်လယ်နီအတွင်းရှိ ပဋိပက္ခများကြောင့် ကြီးမားသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရလျက်ရှိရာ ထိုင်းနိုင်ငံကဲ့သို့ အဆိုပါ အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဝိုင်းဝန်းအဖြေရှာကြရန်လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းပဋိပက္ခများအစွန်နှံ့ရှည်ကြာရှိနေသည်နှင့်အမျှ သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများ တွင် ထိခိုက်နစ်နာမှုများ ဆက်လက် တည်ရှိဦးမည်ဖြစ်သဖြင့် နိုင်ငံများအနေဖြင့် လက်တွေ့ကျသည့်

နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.bangkokpost.com/business/general/2883353/thai-businesses-are-concerned-about-effect-on-oil-prices-shipping-costs-and-the-local-currency

## ကနေဒါနိုင်ငံ၏အမြင့်ဆုံးတရားရုံးမှ ပေါ့ဆမှုကြောင့်လူသေစေမှု သို့မဟုတ် ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှုများတွင် တရားသူကြီးများ၏ဆုံးဖြတ်ပိုင်ခွင့်အာဏာအပေါ် ပြန်လည်သုံးသပ်ခြင်း

ကနေဒါနိုင်ငံ၏တရားလွှတ်တော်ချုပ်မှ တရားသူကြီးများ၏မဲခွဲဆုံးဖြတ်မှုဖြင့် ကနေဒါနိုင်ငံ၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂၀ သို့မဟုတ် ၂၂၁ အရ ပေါ့ဆမှုကြောင့်လူသေစေမှု သို့မဟုတ် ခန္ဓာကိုယ် ထိခိုက်နာကျင်စေမှုကျူးလွန်သောပြစ်မှုတွင် ပြစ်မှုကျူးလွန်သူအားယာဉ်မောင်းခွင့်ကို တားမြစ်သည့် အမိန့်ချမှတ်ရန် ဆုံးဖြတ်ပိုင်ခွင့်အာဏာမရှိကြောင်း အမိန့်ချမှတ်ခဲ့ပါသည်။

ပြစ်မှုကျူးလွန်သူ Braydon Wolfe သည် ယာဉ်ကြောပြောင်းပြန်မောင်းနှင်သဖြင့် လူ ၂ ဦး သေဆုံးခဲ့ပြီး အခြားသူ ၁ ဦးမှာ ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်း၏ပြုလုပ်မှုသည် ပြစ်မှု ၂ ရပ်ကို ကျူးလွန်ခြင်းဖြစ်သဖြင့် အမှုစစ်ဆေးသည့်တရားသူကြီးမှ ပေါ့ဆစွာယာဉ်မောင်းနှင်မှု ကြောင့်လူသေစေမှုအတွက် ယာဉ်မောင်းနှင်ခွင့် ၁၀ နှစ်နှင့် ပေါ့ဆစွာယာဉ်မောင်းနှင်မှုကြောင့် ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှုအတွက် ယာဉ်မောင်းနှင်ခွင့် ၇ နှစ် ပိတ်ပင်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ပါသည်။ တရားခံမှ အခင်းဖြစ်ရပ်နှင့်စပ်လျဉ်းသောပြစ်မှုသည် ယာဉ်မောင်းနှင်ခွင့်ပိတ်ပင်ရမည့် ပြစ်မှုမဟုတ်ကြောင်း ပြန်လည်ချေပခဲ့ပါသည်။

တရားလွှတ်တော်ချုပ်မှတရားသူကြီးများမှ ပေါ့ဆမှုကြောင့်လူသေစေမှု သို့မဟုတ် ခန္ဓာကိုယ် ထိခိုက်နာကျင်စေမှုသည် ယာဉ်မောင်းခွင့်ကို ပိတ်ပင်ရမည့်ပြစ်မှုမဟုတ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ပေါ့ဆမှုကြောင့်လူသေစေမှု သို့မဟုတ် ခန္ဓာကိုယ်ထိခိုက်နာကျင်စေမှုကို မော်တော်ယာဉ်ကြောင့် ဖြစ်ပွားသည့်ပြစ်မှုများမှ ဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေ၏ရည်ရွယ်ချက်မှာ ထိခိုက်မှုဖြစ်စေသော ယာဉ်မောင်းနှင်ခြင်းကြောင့် သေဆုံးမှုနှင့်ထိခိုက်ဒဏ်ရာရရှိမှုအရေအတွက်ကို သိသိသာသာလျှော့ချ နိုင်ရန်ဖြစ်သဖြင့် ဤသို့ဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်နေကြောင်း သုံးသပ်ခဲ့ပါသည်။

ယခုအမှုသည် ကနေဒါနိုင်ငံ၏ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀.၂၄ နှင့် သက်ဆိုင်သောပြစ်မှု ဖြစ်ပြီး အဆိုပါပြစ်မှုတွင် ယာဉ်အန္တရာယ်ကင်းစွာမောင်းနှင်မှုမရှိခြင်း၊ ယာဉ်အန္တရာယ်ကင်းစွာမောင်းနှင်မှု မရှိသဖြင့် ခန္ဓာကိုယ်ထိခိုက်စေမှု သို့မဟုတ် လူသေစေမှုဖြစ်စေခြင်း၊ လူ့ခန္ဓာကိုယ်ကိုထိခိုက်စေခြင်း

သို့မဟုတ် လူသေဆုံးခြင်းဖြစ်စေနိုင်သဖြင့်လိုက်နာရမည်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားပြီးနောက် ယာဉ်ကိုရပ်တန့်ရန် ပျက်ကွက်ခြင်း၊ ယာဉ်ထိန်းအရာရှိထံရပ်တန့်၍ စစ်ဆေးမှုမခံယူခြင်းနှင့်တားမြစ်ခြင်းခံထားရစဉ်တွင် ယာဉ်မောင်းနှင်ခြင်းစသည့် အင်္ဂါရပ်(၆)ရပ်နှင့်ညှိစွန်းသောပြစ်မှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါပြစ်မှုကိုကျူးလွန်ပါက တရားရုံးအနေဖြင့် ပြစ်မှုပါထိုက်သင့်သည့်ပြစ်ဒဏ်ချမှတ်နိုင်သည့်အပြင် ယာဉ်မောင်းနှင်ခွင့်ပိတ်ပင်ခြင်းအမိန့်ကိုပါချမှတ်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

သို့ဖြစ်၍ ကနေဒါနိုင်ငံတရားလွှတ်တော်ချုပ်မှ ယခုအမှုသည် ပေါ့ဆမှုကြောင့်ယာဉ်တိုက်မှုဖြစ်သဖြင့် ယင်းပြစ်မှုတွင်အကျုံးမဝင်၍ တရားရုံးအနေဖြင့် ယာဉ်မောင်းနှင်ခွင့်ပိတ်ပင်သည့်အမိန့် မချမှတ်နိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: [https://www.jurist.org/news/2024/10/canada-top-court-rules-judges-cannot-impose-driving-prohibition-on-criminal-negligence-offenders/](https://www.jurist.org/news/2024/10/canada-top-court-rules-judges-cannot-impose-driving-prohibition-on-criminal-negligence-offenders/)

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

